## မြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ပေါက်ခေါင်းမြို့

## အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချသည့်လေလံကြော်ငြာစာ

ကြော်ငြာစာအမှတ်(၄၄/၂၀၂၁)

ရက်စွဲ၊ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂ ရက်

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

၁။ ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၁-၂၀၂၂ (Mini Budget) အတွက် ပူးတွဲဖော်ပြပါ အရပ်ရပ်အခွင့်အရေးလိုင်စင်များအား သက်တမ်းတိုးစနစ်/အညီအမျှ ခွဲဝေချထားပေးခြင်းစနစ်/ဈေးပြိုင်စနစ်တို့ဖြင့် လေလံတင်ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဖွဲ့မှသတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီသူမည်သူမဆို အောက်ပါအစီအစဉ်အတိုင်း လာရောက်၍ လေလံဆွဲဝယ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | ရောင်းချမည့် အစီအစဉ် | ရောင်းချမည့် နေ့ရက်/အချိန် | လျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် နေ့ရက်/အချိန် | လေလံရောင်းချမည့် နေရာ |
|---|---|---|---|---|
| ၁ | ပထမအကြိမ် | ၁၇-၈-၂၀၂၁(အင်္ဂါနေ့) | ၁၆-၈-၂၀၂၁(တနင်္လာနေ့) | အမှုဆောင်အရာရှိရုံးခန်း၊ |
| | | နံနက်(၁၀:၀၀)နာရီ | နေ့လည်(၁၆:၀၀)နာရီ | ပေါက်ခေါင်းမြို့ |
| ၂ | ဒုတိယအကြိမ် | ၂၄-၈-၂၀၂၁(အင်္ဂါနေ့) | ၂၃-၈-၂၀၂၁(တနင်္လာနေ့) | အမှုဆောင်အရာရှိရုံးခန်း၊ |
| | | နံနက်(၁၀:၀၀)နာရီ | နေ့လည်(၁၆:၀၀)နာရီ | ပေါက်ခေါင်းမြို့ |
| ၃ | တတိယအကြိမ် | ၁-၉-၂၀၂၁(ဗုဒ္ဓဟူးနေ့) | ၃၁-၈-၂၀၂၁(အင်္ဂါနေ့) | အမှုဆောင်အရာရှိရုံးခန်း၊ |
| | | နံနက်(၁၀:၀၀)နာရီ | နေ့လည်(၁၆:၀၀)နာရီ | ပေါက်ခေါင်းမြို့ |
| ၄ | ချိတ်ပိတ်တင်ဒါ | ၇-၉-၂၀၂၁(အင်္ဂါနေ့) | ၆-၉-၂၀၂၁(တနင်္လာနေ့) | အမှုဆောင်အရာရှိရုံးခန်း၊ |
| | | နံနက်(၁၀:၀၀)နာရီ | နေ့လည်(၁၆:၀၀)နာရီ | ပေါက်ခေါင်းမြို့ |
| ၅ | အခြားနည်း | ၁၄-၉-၂၀၂၁ (အင်္ဂါနေ့) | ၁၃-၉-၂၀၂၁(တနင်္လာနေ့) | အမှုဆောင်အရာရှိရုံးခန်း၊ |
| | | နံနက်(၁၀:၀၀)နာရီ | နေ့လည်(၁၆:၀၀)နာရီ | ပေါက်ခေါင်းမြို့ |

၃။ သတ်မှတ်ချိန်ထက်ကျော်လွန် နောက်ကျမှတင်သွင်းလာသော လျှောက်လွှာများအား မည်သည့်အကြောင်းနှင့်မျှ လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (Mini Budget) အတွက် ပေါက်ခေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လေလံတင်ရောင်းချမည်ဖြစ်သော အခွင့်အရေးလိုင်စင်များအတွက် ကြိုတင်တင်သွင်းထားရှိရမည့် သတ်မှတ်ထားသော စားပွဲတင် အာမခံငွေများကို သတ်မှတ်ထားသည့်နေ့ရက်များအတိုင်း နောက်ဆုံးထား၍ လေလံဆွဲဝယ်သူမှ ပေါက်ခေါင်းမြို့ မြန်မာစီးပွားရေးဘဏ်ခွဲတွင် ပုဂ္ဂလိကစာရင်းရှင် အပ်ငွေဖွင့်လှစ်၍ စားပွဲတင်အာမခံငွေအဖြစ်ပေးသွင်းရမည့် ငွေရပ်ပါအတိုင်း အမှုဆောင်အရာရှိ၊ ရာထူးအမည်ဖြင့် ရေးသားထားသော ငွေထုတ်ယူခွင့်အမိန့် (P . O . P ) (Payment Order Private)ကို လေလံလျှောက်လွှာနှင့်အတူ စားပွဲတင်အာမခံငွေတင်သွင်းမှုအထောက်အထားအဖြစ် တင်ပြရမည်။နောက်ကျတင်သွင်းသည့် လျှောက်လွှာနှင့်စားပွဲတင်အာမခံငွေ (P.O.P)(Payment Order Private)များအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ လေလံကြေးကျပ် ( ၁၀ )သိန်းအောက်ဖြစ်ပါက အကြေပေးသွင်းရမည်။

၆။ လေလံမအောင်မြင်သူများ၏ အာမခံအပ်ငွေများကို လေလံပွဲပြီးဆုံးပြီး (၁၀)ရက်ကြာမှ ပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး၊လေလံအောင်မြင်သူများ၏ ၎င်းအာမခံအပ်ငွေများကိုလေလံစည်းကမ်းနှင့်အညီ ပေးသွင်းရမည့်လေလံကြေးမှ ခုနှိမ်၍ အာမခံ(၁၀ ပုံ၊၁ ပုံ)နှင့် လိုင်စင်ကြေး (၅ ပုံ၊ ၁ ပုံ) (သို့မဟုတ်) (၂ ပုံ ၁ ပုံ) (တိုင်းဒေသကြီးပြင်ပ) (သို့မဟုတ်) လိုင်စင်ကြေးအကြေပေးသွင်းငွေများကို (P.O.P)များတွင်ပေးသွင်းရမည်။အရစ်ကျလိုင်စင်ကြေးများအတွက် တိုင်းဒေသကြီးအတွင်းဆွဲဝယ်သူဖြစ်ပါက (၄)ရစ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးပြင်ပမှဆွဲဝယ်သူဖြစ်ပါက (၂)ရစ်ဖြင့်လည်းကောင်း အကြေပေးသွင်းရမည်။

၇။ လေလံဆွဲဝယ်သူသည် အောက်ပါအချက်များအားလုံးနှင့်ကိုက်ညီမှသာ လေလံဆွဲဝယ်ခွင့်ရှိရမည်-

(က) လေလံစည်းကမ်း၊ ညွှန်ကြားချက်များနှင့်ညီညွတ်သူ၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။အိမ်ထောင်စုလူဦးရေ(လဝကပုံစံ ၆၆/၆) စာရင်းမူရင်းကိုပါတင်ပြနိုင်သူဖြစ်ရမည်။

(ခ) နိုင်ငံသားစိစစ်ရေးကဒ်ပြားမူရင်းကိုတင်ပြနိုင်သော အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဂ) အခွန်၊အခကြေးကျန်မရှိသူဖြစ်ရမည့်အပြင် အမှုအခင်းနှင့် ပြဿနာကင်းရှင်းသူဖြစ်ရမည်။

၈။ ကိုယ်စားလှယ်လွှဲစာ(SpecialPower)ဖြင့်လွှဲအပ်တင်ပြခြင်းအားလက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ အောက်ပါပုဂ္ဂိုလ်များအား လေလံဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ-

(က) နာမည်ပျက်စာရင်း တင်သွင်းကြေငြာ၍ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် လေလံဆွဲဝယ်ခွင့် ပိတ်ပင်ခံထားရသူများ၊ ၎င်းနှင့်အတူနေ အိမ်ထောင်စု စာရင်းဝင် ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း လိုင်စင်ပိတ်သိမ်းခံရ သူများ၊

(ခ) လေလံရောင်းချချိန်တွင် လိုင်စင်အရစ်ကျငွေနှင့် ရက်လွန်ဒဏ်ကြေးငွေ ပေးဆောင်ရန်နှင့် အခြားအခွန်၊အခ၊အကောက်ကြွေးကျန်ရှိသူများ၊

(ဂ) စည်းကမ်းပါသတ်မှတ်ချက်အရတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား များပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသူများ၊

၁၀။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်များ ပူးတွဲတင်ပြရမည်-

(က) လိုင်စင်လျှောက်ထားသူ၏ ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့် မိတ္တူ၊

(ခ) စည်ပင်သာယာရေးဆိုင်ရာ အခွန်ကြွေးကျန် ကင်းရှင်းကြောင်း ထောက်ခံချက် နှင့် အခြားမြို့နယ်မှဖြစ်ပါက အမည်ပျက် စာရင်းတင်သွင်းကြေညာခံရသူ မဟုတ်ကြောင်း သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေး အဖွဲ့ထောက်ခံချက်၊

(ဂ) စာပွဲတင်အာမခံတင်သွင်းထားသည့် အထောက်အထား ငွေထုတ်ယူခွင့်အမိန့် (P.O.P)(Payment Order Private) ၊

(ဃ) သက်ဆိုင်ရာ လိုင်စင်တစ်ခုချင်းစီအတွက် ကြမ်းခင်းဈေးတန်ဘိုးထက် လျော့နည်းခြင်းမရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း (အဆောက်အဦး၊အိမ်၊ မြေ)နှင့်စပ်လျဉ်း၍ ဥပဒေနှင့် အညီ၊နိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား မူရင်းများ(အိမ်၊မြေ၊ဂရံစသည့်မူရင်းအထောက်အထားများ)(သို့)ဆွဲဝယ်ရရှိသူပိုင် ငွေစုလက်မှတ်မူရင်း၊ငွေစုစာအုပ်မူရင်း၊

(င) အာမခံတင်သွင်းသည့် (အဆောက်အဦး၊အိမ်၊မြေ)၏ ရှေ့နောက်ဝဲယာ ဓါတ်ပုံ(၄)ပုံ၊

(စ) မြေပိုင်ဆိုင်ကြောင်း အဆောက်အဦး၊ မြေတည်ရှိရာရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊

(ဆ) သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ "တန်ဘိုးဖြတ်စိစစ်ရေးအဖွဲ့"၏ စိစစ်တင်ပြချက်အပေါ် အမှုဆောင်အရာရှိထောက်ခံချက်ပါ မြေ အိမ် အဆောက်အဦး၏ ကာလတန်ဘိုးစိစစ်ချက်၊

၁၁။ လေလံဆွဲဝယ်စဉ်အတွင်း ဈေးနှုန်းမြင့်တက်လာ၍ လိုအပ်သည့်စားပွဲတင် အာမခံငွေကိုထပ်မံပေးသွင်းရန် လေလံတင်ရောင်းချရေးအဖွဲ့က ထပ်မံညွှန်ကြားလာပါက လိုအပ်သောငွေကို ငွေသားဖြင့်ထပ်မံတင်သွင်းရမည်။ တင်သွင်းနိုင်ခြင်းမရှိပါက လေလံဆွဲဝယ်ခွင့် ပယ်ဖျက်ခြင်း ခံရမည့်အပြင် တင်သွင်းထားသည့် စားပွဲတင်အာမခံငွေအား သိမ်းယူခြင်းခံရမည်။

၁၂။ အခွင့်အရေးလိုင်စင်များ တစ်ခုခြင်းရောင်းချခြင်းကို လေလံဆွဲဝယ်ခွင့်လျှောက်လွှာ အမည်စာရင်းတင်သွင်းသူကိုယ်တိုင် ဆွဲဝယ်ရမည်။မည်သည့်အကြောင်းပြချက်နှင့်မျှ ကိုယ်စားလှယ် ဖြင့် ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။အမှန်တကယ်ဆွဲဝယ်လုပ်ကိုင်မည့်သူများအား ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ဝင်ရောက်ဆွဲဝယ်ခြင်းကိုမူ ခွင့်ပြုမည်မဟုတ်သည့်အပြင် တွေ့ရှိက အလုပ်ဝတ္တရား နှောက်ယှက်မှုဖြင့် အရေးယူခြင်းခံရမည်။

၁၃။ အခွင့်အရေးလုပ်ငန်းလိုင်စင်များအား လိုင်စင်တစ်ခုခြင်းအလိုက်သော်လည်းကောင်း၊ စုပေါင်း၍ သော်လည်းကောင်း၊ လိုင်စင်အမျိုးအစားအလိုက် သက်တမ်းတိုးစနစ်၊ အညီအမျှ ခွဲဝေချထားသည့်စနစ်၊ဈေးပြိုင်စနစ်များဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ၏ ခွင့်ပြုချက်အရမှတစ်ပါး မည်သည့်ပုဂ္ဂိုလ် အသင်းအဖွဲ့ကိုမျှ တိုက်ရိုက်ရောင်းချခြင်းမပြုပါ။

၁၄။ လေလံဆွဲဝယ်ခွင့်လျှောက်လွှာတင်သွင်းပြီးနောက် လေလံယှဉ်ပြိုင်ရန် အတွက် လေလံ ခန်းမအတွင်း ဝင်ရောက်ခြင်းမရှိသူများအားလည်းကောင်း၊ လေလံခန်းအတွင်းလေလံတစ်ခုခြင်း စီအား (၃)ကြိမ်ထက်မနည်းယှဉ်ပြိုင်မှုမရှိပါကလည်းကောင်း၊ တင်သွင်းထားသော စားပွဲတင် အာမခံငွေကို အဖွဲ့ပိုင်အဖြစ်သိမ်းယူပြီး အမည်ပျက်စာရင်း တင်သွင်းသွားမည်။သို့ရာတွင် (၃)ကြိမ် မပြည့်မီ ယှဉ်ပြိုင်ဆွဲဝယ်မည့် လေလံကြေးသည် ကြမ်းခင်းဈေး၏၅၀%နှင့် အထက်မြင့်တက်ပါက (၃)ကြိမ်အထိ ယှဉ်ပြိုင်ဆွဲဝယ်ခြင်းကို ကင်းလွတ်ခွင့်ပြုမည်။

၁၅။ လေလံယှဉ်ပြိုင်ဆွဲဝယ်နေစဉ်အတွင်း ပန်းကြေးရယူကြောင်းထင်မြင်ယူဆပါကလေလံ ရောင်းချရေးအဖွဲ့အနေဖြင့် လေလံရောင်းချခြင်းအား ပယ်ဖျက်ပြီးနောက်တစ်ကြိမ် ပြန်လည်ရောင်းချ သွားမည်။ယင်းသို့ဆောင်ရွက်ချက်ကို လေလံအမှုတွဲတွင် မှတ်တမ်းတင်ထားရှိမည်။

၁၆။ လေလံယှဉ်ပြိုင်ရာတွင် ပန်းကြေးရယူတောင်းခံကြောင်း တိကျစွာဖော်ထုတ်ရရှိပါက ပန်းကြေးပေးသူ နှင့်ပန်းကြေးရယူသူနှစ်ဦးစလုံးအား လေလံဆွဲဝယ်ခွင့်ကို ရုတ်သိမ်းပြီး ၎င်းတို့ အသီးသီတင်သွင်းထားသော စားပွဲတင်အာမခံငွေများကို အဖွဲ့ပိုင်အဖြစ်သိမ်းယူမည်။ထို့အပြင် ၎င်းတို့အားနာမည်ပျက်စာရင်းတင်သွင်းကြေညာမည်။ လေလံချထားပြီးဖြစ်ပါက လေလံကိုပြန်လည် ရုတ်သိမ်း၍ အသစ်တစ်ဖန်ပြန်လည်ရောင်းချမည်။

၁၇။ လေလံဆွဲဝယ်ယှဉ်ပြိုင်သူတစ်ဦးတစ်ယောက်သည် လေလံဆွဲဝယ်ရရှိသည့်အတိုင်း ၎င်းအနေဖြင့် လေလံဆွဲဝယ်ရာတွင် သတ်မှတ်ထားသောလေလံ စည်းကမ်းနှင့် မကိုက်ညီဘဲ မမှန်မကန် လိမ်ညာ၍ဆွဲဝယ်ရရှိခြင်းဖြစ်ကြောင်း ခိုင်လုံစွာစစ်ဆေးတွေ့ရှိရပါက လေလံချထားခြင်းကို ပြန်လည်ရုတ်သိမ်း၍စည်းကမ်းများနှင့်အညီ ပြန်လည်လေလံတင်ရောင်းချမည်။ ထို့အပြင် တင်သွင်းထားသောအာမခံငွေများကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ်သိမ်းယူ၍ အမည်ပျက်စာရင်း တင်သွင်းသတ်မှတ်ပါမည်။

၁၈။ လေလံရောင်းချသည့်နေ့တွင် မပြီးစီးဘဲကျန်နေပါက နောက်တစ်ရက်တွင် ဆက်လက် လေလံရောင်းချမည်ဖြစ်ပါသည်။

၁၉။ လေလံစည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပေါက်ခေါင်းမြို့ ဖုန်းအမှတ် ၀၅၃-၄၅၂၀၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၂၂/၈/၂၀၂၂

အမှုဆောင်အရာရှိ
( မင်းအောင်၊ ဦးစီးအရာရှိ )

စာအမှတ်၊ ၆၂၃ / ဃ - ၂ / ပခ-၂ (၀၀၁)
ရက်စွဲ၊ ၂၀၂၂ ခုနှစ် ဩဂုတ် လ ၂၂ ရက်

ဖြန့်ဝေခြင်း
ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များအားလုံး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြော်ငြာသင်ပုန်း
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြော်ငြာသင်ပုန်း
အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်(၁/၂/၃/၄/၅)၊ပေါက်ခေါင်းမြို့
လေလံဆွဲဝယ်သူများနှင့် လိုင်စင်ဆွဲဝယ်လေ့ရှိသူများ (အားလုံး)
အဖွဲ့ပိုင်ဈေး ကြော်ငြာသင်ပုန်း

မိတ္တူကို
ညွှန်ကြားရေးမှူး၊ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့
ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပြည်မြို့
ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပေါက်ခေါင်းမြို့
ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ပေါက်ခေါင်းမြို့
လက်ခံစာတွဲ
မျှောစာတွဲ

Z-ID Lay Lam Kyjaw Nyein-23

ပေါက်ခေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၁-၂၀၂၂ (Mini Budjet) အတွက် ရောင်းချမည့် အခွင့်အရေးလိုင်စင်များစာရင်း

| အမှတ်စဉ် | | အခွင့်အရေးလိုင်စင်အမည် | ကြမ်းခင်းဈေး (ကျပ်) | တင်သွင်းရမည့် စားပွဲတင်အာမခံငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|
| | | **အညီအမျှခွဲဝေချထားပေးခြင်းစနစ်ဖြင့်ရောင်းချမည့်အသားလိုင်စင်များ** | | | |
| | | **သားသတ်လိုင်စင်** | | | |
| ၁ | ၁ | မြို့မအမဲသားသတ် | ၁၅၇၉၁၀၀၀ | ၇၈၉၅၅၀၀ | |
| ၂ | ၂ | မြို့မဝက်သားသတ် | ၁၁၁၀၂၀၀၀ | ၅၅၅၁၀၀၀ | |
| ၃ | ၃ | စမ်းစုဝက်သားသတ် | ၁၂၉၃၀၀၀ | ၆၄၆၅၀၀ | |
| ၄ | ၄ | တောင်လည်ဝက်သားသတ် | ၃၃၀၀၀၀ | ၁၆၅၀၀၀ | |
| ၅ | ၅ | မြို့မဆိတ်သားသတ် | ၇၂၆၀၀၀ | ၃၆၃၀၀၀ | |
| | | **သက်တမ်းတိုးစနစ်ဖြင့်ရောင်းချမည့်အပေါင်ဆိုင်လိုင်စင်များ** | | | |
| | | **အပေါင်ဆိုင်လိုင်စင်** | | | |
| ၆ | ၁ | မြို့မအပေါင်ဆိုင် (၁) | ၄၈၃၀၀၀ | ၂၄၁၅၀၀ | |
| ၇ | ၂ | မြို့မအပေါင်ဆိုင် (၃) | ၃၉၀၀၀၀ | ၁၉၅၀၀၀ | |
| ၈ | ၃ | မြို့မအပေါင်ဆိုင် (၄) | ၃၉၀၀၀၀ | ၁၉၅၀၀၀ | |
| ၉ | ၄ | ကျေးလက်အပေါင်ဆိုင်(လွစင်ကုန်း) | ၉၇၀၀၀ | ၄၈၅၀၀ | |
| ၁၀ | ၅ | ရွှေအပေါင်ဆိုင်(၁) | ၁၈၂၀၀၀ | ၉၁၀၀၀ | |
| ၁၁ | ၆ | ရွှေအပေါင်ဆိုင်(၂) | ၁၈၂၀၀၀ | ၉၁၀၀၀ | |
| ၁၂ | ၇ | ရွှေအပေါင်ဆိုင်(၃) | ၁၂၁၀၀၀ | ၆၀၅၀၀ | |
| ၁၃ | ၈ | ရွှေအပေါင်ဆိုင်(၄) | ၁၂၁၀၀၀ | ၆၀၅၀၀ | |
| ၁၄ | ၉ | ရွှေအပေါင်ဆိုင်(၅) | ၁၂၁၀၀၀ | ၆၀၅၀၀ | |
| ၁၅ | ၁၀ | ရွှေအပေါင်ဆိုင်(၆) | ၁၂၁၀၀၀ | ၆၀၅၀၀ | |

| အမှတ်စဉ် | | အခွင့်အရေးလိုင်စင်အမည် | လိုင်စင်တစ်ခုချင်းကြမ်းခင်းဈေး (ကျပ်) | လိုင်စင်တစ်ခုချင်းတင်သွင်းရမည့်စားပွဲတင်အာမခံငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|
| ၁၆ | ၁၁ | ရွှေအပေါင်ဆိုင်(၇) | ၉၁၀၀၀ | ၄၅၅၀၀ | |
| ၁၇ | ၁၂ | ရွှေအပေါင်ဆိုင်(၈) | ၉၁၀၀၀ | ၄၅၅၀၀ | |
| ၁၈ | ၁၃ | ရွှေအပေါင်ဆိုင်(၉) | ၉၁၀၀၀ | ၄၅၅၀၀ | |
| ၁၉ | ၁၄ | ရွှေအပေါင်ဆိုင်(၁၀) | ၉၁၀၀၀ | ၄၅၅၀၀ | |
| | | ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည့်လိုင်စင်များ | | | |
| ၂၀ | ၁ | မြို့မဈေးကောက် | ၄၁၂၅၀၀၀ | ၂၀၆၂၅၀၀ | |
| ၂၁ | ၂ | အမှတ်(၁)ဈေးကောက် | ၇၁၅၀၀၀ | ၃၅၇၅၀၀ | |
| ၂၂ | ၃ | အဖွဲ့ပိုင်မြေ၊လမ်းနှင့်လမ်းနယ်မြေအသုံးပြုခြင်းအပေါ်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာလိုင်စင် | ၉၃၅၀၀၀ | ၄၆၇၅၀၀ | |
| ၂၃ | ၄ | မြို့နယ်ဝင်ကြေးဘီးကောက် | ၂၀၀၀၀၀၀ | ၁၀၀၀၀၀၀ | |
| ၂၄ | ၅ | မြို့မဈေးစက်ဘီးကောက် | ၂၉၅၀၀၀ | ၁၄၇၅၀၀ | |
| ၂၅ | ၆ | မြို့မဈေးအိမ်သာကောက် | ၅၀၁၀၀၀ | ၂၅၀၅၀၀ | |
| ၂၆ | ၇ | နွားပွဲဈေးကောက် | ၈၁၆၈၀၀၀ | ၄၀၈၄၀၀၀ | |
| | | | | | |
| | | | | | |
| | | စုစုပေါင်း | ၄၈၅၅၃၀၀၀ | ၂၄၂၇၆၅၀၀ | |